ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၃၂/၂၀၂၂)

ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက်ငါတို့၏ အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

အမှတ်စဉ် (၃၂/၂၀၂၂) http://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ လူထု၏သဘောထားနှင့် နိုင်ငံတကာအသိုက်အဝန်း၏ သဘောထားများကို ချိတ်ဆက်ပြီး နွေဦးတော်လှန်ရေးအောင်ပွဲကို ပူးပေါင်းဆောင်ရွက်ရန် NUG ယာယီသမ္မတတိုက်တွန်း



နိုင်ငံတကာအသိုင်းအဝန်း၏ သဘောထားများသည် ပြည်တွင်းကလူထု၏ သဘောထားများ၊ အရိပ်အယောင်များနှင့်လည်း ချိတ်ဆက်ထင်ဟပ်နေသည်ဟု ယူဆကြောင်း၊ လူထုအင်အားကို နိုင်ငံတကာအသိုက်အဝန်းက အလွန်အကျွံမငြင်းဆန်ဝံ့ကြောင်း၊ ထို့ကြောင့်ပြည်တွင်းလူထု၏ သဘောထားနှင့် နိုင်ငံတကာအသိုက်အဝန်း၏ သဘောထားများကိုချိတ်ဆက်ပြီး နွေဦးတော်လှန်ရေးအောင်ပွဲကို ပူးပေါင်းဆောင်ရွက်ရန် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက နိုဝင်ဘာ ၂၉ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ (၇၆) ကြိမ်မြောက် အစိုးရအဖွဲ့ အစည်းအဝေး၌ တိုက်တွန်းပြောကြားခဲ့သည်။

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

“ကျွန်တော့်အနေနဲ့ကတော့ ပြည်တွင်းက ပြည်သူလူထုရဲ့ အင်အားကိုယုံကြည်ပါတယ်။ ပြည်ပရောက် မြန်မာပြည်သူလူထုရဲ့အင်အားကိုလည်း လျော့မတွက်ပါဘူး။ နိုင်ငံတကာနိုင်ငံတွေရဲ့ အခန်းကဏ္ဍကိုလည်း လျစ်လျူမရှုပါဘူး။ ဒါကတော့ ပြည်တွင်းကပြည်သူလူထုရဲ့ နိုင်ငံရေးသဘောထားပဲ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ သဘောထားဆိုတာ အတက်အကျ အနိမ့်အမြင့်တွေ ရှိနေတတ်ပါတယ်။ ပြည်သူလူထုရဲ့ သဘောထားကိုလည်း သိမြင်နားလည်အောင် လုပ်ရပါလိမ့်မယ်။ နိုင်ငံတကာရဲ့အားနဲ့ ပြည်တွင်းကအင်အားကို လိုက်လျောညီထွေဖြစ်အောင် ချိတ်ဆက်လုပ်ဆောင်ရေးဟာ အမျိုးသားညီညွတ်ရေး အစိုးရ အဖွဲ့ဝင်အားလုံးမှာ တာဝန်ရှိပါတယ်” ဟု ယာယီသမ္မတကဆက်လက်ပြောကြားခဲ့သည်။
https://bit.ly/3EZISE5

ကာကွယ်ရေးဝန်ကြီးဌာန

၂။ တိုင်းရင်းသားလက်နက်ကိုင်အားလုံး တော်လှန်ရေးတွင်ပါဝင်လာနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ချိတ်ဆက်လုပ်ဆောင်နေကြောင်း NUG ယာယီသမ္မတပြောကြား

“ NUG နဲ့ တိုင်းရင်းသားလက်နက်ကိုင်များရဲ့ပူးပေါင်းမှုဟာ အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ချာတာမှာလည်း ထည့်ထားပြီးဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေ၊ CSO တွေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက ကျွန်တော်တို့ရဲ့ ကျောရိုးဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ပြေပြစ်အောင် ချိတ်ဆက်လုပ်ဆောင်ဖို့က တော်လှန်ရေးအောင်မြင်မှုရဲ့ အင်အားဖြစ်ပါတယ်။ သူတို့နဲ့အမြဲတမ်းထိတွေ့ဆက်ဆံပါတယ်။ ရခိုင်နှုန်းတော်တော်များများဟာ NUG နဲ့ချိတ်ဆက်လုပ်ဆောင်နေပါတယ်။ တိုက်ပွဲဝင်နေကြတယ်ဆိုတာ အားလုံးကိုအသိပေးလိုပါတယ်” ဟု အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလက RFA သတင်းဌာနနှင့် အင်တာဗျူးတွင်ထည့်သွင်းပြောကြားခဲ့သည်။
NUG ၏ခံယူချက်မှာ အားလုံးပါဝင်ရေးမူဖြစ်သည့်အတွက် ကျန်နေသေးသည့်တိုင်းရင်းသားလက်နက်ကိုင် များနှင့်လည်း ချိတ်ဆက်နေကြောင်း၊ လူသိရှင်ကြားမဟုတ်ဘဲ ချိတ်ဆက်လုပ်ဆောင်နေသည်များလည်းရှိကြောင်း၊ အစိုးရအနေဖြင့် လုံလောက်သောလက်နက်အင်အား၊ စားဝတ်နေရေးနှင့် ကျန်းမာရေးလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်သေးသည့်အတွက် ပြည်သူလူထုအနေဖြင့် ယခုထက်ပိုမိုထောက်ပံ့ပေးဖို့နှင့် နိုင်ငံတကာမှလည်း အမြန်ဆုံးအကူအညီပေးဖို့ တင်ပြတောင်းဆိုလိုကြောင်း၊ ပထမနှစ်ခုခံစစ်အတွေ့အကြုံမှတဆင့် ပိုမိုကောင်းမွန်သော အစီအမံများ စီမံထားကြောင်း၊ ယာယီသမ္မတက ဆက်လက်ပြောကြားသည်။ https://bit.ly/3Bu4sQn

၃။ ယူကရိန်းကို အမေရိကန်နဲ့အီးယူနိုင်ငံတွေ ထောက်ပံ့သကဲ့သို့ မြန်မာနိုင်ငံအား ထောက်ပံ့လျှင် နေ့စဉ်သတ်ဖြတ်ခြင်းခံရသည့် ဆင်းရဲခြင်းမှအမြန်ဆုံး ပြေငြိမ်းသွားမည်ဖြစ်ကြောင်း ယာယီသမ္မတ တိုက်တွန်းတောင်းဆို



"တကယ်လို့သာ ယူကရိန်းကိုအမေရိကန်နဲ့ အီးယူနိုင်ငံတွေ ထောက်ပံ့သလိုသာ ထောက်ပံ့နိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်သူလူထုရဲ့ သတ်ဖြတ်ခြင်းခံရတဲ့ဆင်းရဲဒုက္ခတွေက အမြန်ဆုံးပြေငြိမ်းသွားမယ်လို့ ပြောထားပြီး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အင်မတန်အားကောင်းတဲ့ လက်နက်တွေနဲ့၊ လေယာဉ်တွေနဲ့၊ ရဟတ်ယာဉ်တွေနဲ့ ပြည်သူလူထုကို အပြစ်မဲ့သတ်ဖြတ်ပြီးတော့ ရွာစဉ်လှည့် မီးရှို့နေတာကို အမြန်ဆုံးရပ်ဆိုင်းချင်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတကာက ကိုယ်ချင်းစာနာမှုရှိတဲ့ မိတ်ဆွေများအနေနဲ့ အမြန်ဆုံး တစ်ဦးချင်းသော်လည်းကောင်း နိုင်ငံအလိုက် သော်လည်းကောင်း ကူညီမယ်ဆိုရင်အရမ်းကျေးဇူးတင်ပါတယ်။နိုင်ငံပြန်လည်တည်ဆောက်တဲ့နေရာမှာသူတို့နဲ့လည်းအနီးကပ်လေးလေးနက်နက် ပေါင်းသင်း ပြီးတော့ နိုင်ငံပြန်ပြီးတည်ဆောက်ချင်ပါတယ်" ဟု အမျိုးသား ညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ရိုက်တာ၏ အရှေ့တောင်အာရှဆိုင်ရာ အထူးသတင်းထောက် Poppy McPherson ၏ မေးမြန်းချက်အား ဖြေကြားခဲ့သည်။

https://bit.ly/3XQwHCa

ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ

၄။ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ကျယ်ပြန့်လာခြင်းကြောင့် ပါဝင်သင့်သည့် ဝန်ကြီးဌာနများကို ဖြည့်စွက်သွားမည်ဟု NUG ပြည်ထောင်စုဝန်ကြီးချုပ်ပြောကြား

အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ကျယ်ပြန့်လာသည်နှင့်အမျှ ယခုရှိနေပြီးသော ဝန်ကြီးဌာနများအပြင် ထပ်မံတိုးချဲ့ဖွဲ့စည်းသင့်သော ဝန်ကြီးဌာနများရှိကြောင်းကို အကြံပြုလာသည်ကိုတွေ့ရကြောင်း၊ များပြားလာသော လုပ်ငန်းများအတွက် ပါဝင်သင့်သောဝန်ကြီးဌာနများကို ဖြည့်စွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဒီဇင်ဘာ ၁ ရက်တွင် ပြုလုပ်သည့် ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် ပြောကြားခဲ့သည်။ https://bit.ly/3VsU0k1

ကာကွယ်ရေးဝန်ကြီးဌာန

၅။ ဓာတုလက်နက်များ၏ ဘေးအန္တရာယ်ကာကွယ်ရေး အကြံပြုချက်များ ထုတ်ပြန်

စစ်ပွဲများမှာ သမားရိုးကျ လက်နက်များနှင့်သာမကဘဲ အဆိပ်သင့်စေသည့် ဓာတုပစ္စည်းများကို စစ်လက်နက်များတွင် တပ်ဆင်ပစ်ခတ်ခြင်းကြောင့် စစ်ဘက်ဆိုင်ရာပစ်မှတ်များအပြင် အရပ်သားများပါ သေကြေဒဏ်ရာရလေ့ရှိ ကြောင်း၊ ဓာတုလက်နက်များမှအဆိပ်များက ပတ်ဝန်းကျင်တွင် ဓာတ်ငွေ့၊ အရည်နှင့် အမှုန့် အစရှိသည့်ပုံစံမျိုးစုံနှင့် တည်ရှိနိုင်ပြီး ၎င်းတို့၏ဘေးအန္တရာယ်ကို သာမန်အဝတ်အစားများ လုံခြုံစွာဝတ်ဆင်ရုံဖြင့် မကာကွယ်နိုင်ကြောင်း၊ ဓာတုလက်နက် ကျရောက်ထားသည့် နေရာအနီးတဝိုက်သို့ အကာအကွယ် ဝတ်စုံမပါဘဲ သွားရောက်ခြင်း၊ လက်ဗလာနှင့် ပစ္စည်းများကို ကိုင်တွယ်ခြင်း လူနာများကိုကြည့်ရှုခြင်း မပြုလုပ်သင့်ကြောင်း ယင်းအဆိပ်ဓာတ်များကို ထိတွေ့၊ ရှူရှိုက်၊ မျိုချမိပါက အရေပြား၊ မျက်လုံး၊ အသက်ရှူ လမ်းကြောင်းနှင့် ပါးစပ်တို့မှတစ်ဆင့် ခန္ဓာကိုယ်အတွင်းဝင်ရောက်ပြီး အဆိပ်သင့်စေကာ ကျန်းမာရေးကို ထိခိုက်စေပြီး အသက်ဆုံးရှုံးသည့်အထိ ဖြစ်တတ်ကြောင်းစသည့် ဓာတုလက်နက်များ၏ ဘေးအန္တရာယ်ကာကွယ်ရေး အကြံပြုချက်များကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက အနေဖြင့် နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3XVKTts

တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၁။	နိုဝင်ဘာ ၂၆ ရက်	အမျိုးသားညီညွတ်ရေး အစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ပဲခူးတိုင်းပြည်သူ့အုပ်ချုပ် ရေးအဖွဲ့များတွေ့ဆုံ	ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေ သာမူဝါဒများ ၊ ပဲခူးတိုင်းပြည်သူ့အုပ်ချုပ် ရေးအဖွဲ့များမှ မြေပြင်ကြုံ တွေ့နေရသည့် အခက်အခဲများနှင့် မူဝါဒပိုင်းဆိုင်ရာများ ကိုဆွေးနွေးခဲ့ကြသည်။	https://bit.ly/3FnkeyJ
၂။	နိုဝင်ဘာ ၂၇ ရက်	အမျိုးသားညီညွတ်ရေးအ စိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော် ဆောင်မှု ဗဟိုကော်မတီ နှင့် အထူးအုပ်ချုပ်ရေး ဒေသပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များတွေ့ဆုံဆွေးနွေး	အထူးအုပ်ချုပ်ရေးဒေသအတွင်း ဘဏ္ဍာ ရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ အခွန် ကောက်ခံမှု၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားစီရင်ရေး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအပါ အဝင် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက် ထားရှိမှုများ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများကိုဆွေးနွေးခဲ့ကြသည်။	https://bit.ly/3XQxjaW
၃။	နိုဝင်ဘာ ၂၈ ရက်	ပြည်ထောင်စုအဆင့် သယံ ဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၆/ ၂၀၂၂) အစည်းအဝေး ကျင်းပ	(၅/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံး ဖြတ် ချက်ဆောင်ရွက်ပြီးစီးမှုများ ၊ ရှေ့လုပ် ငန်းစဉ်ဆောင်ရွက်ပြီးစီးမှုများ၊ ကြားကာ လသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ် ငန်းတိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။	https://bit.ly/3UrxhmX
၄။	နိုဝင်ဘာ ၃၀ ရက်	ပြည်ထဲရေးနှင့်လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းရှိ မြို့နယ်ပြည် သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး	ပြည်ထဲရေးနှင့်လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာန၏ လုပ် ငန်းဆောင်ရွက် ချက်များကိုရှင်းလင်းပြီး မြို့နယ် ပအဖ အဖွဲ့ဝင်များက မြေပြင်အုပ်ချုပ်ရေး ဆောင်ရွက်နေမှုများ၊	https://bit.ly/3B4kIqI

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
			ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များဆွေးနွေးခဲ့ကြသည်။	
၅။	ဒီဇင်ဘာ ၂ ရက်	အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ နှင့် တိုးချဲ့ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များတွေ့ဆုံ	နယ်မြေလွှမ်းမိုးချုပ်ကိုင်ပြီး စီမံခန့်ခွဲ မှုလုပ်ငန်းများ ခိုင်မာစွာတည်ရှိရန် ၊ ပအဖ အဖွဲ့များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ချိတ်ဆက်မှုကောင်းမွန် စွာဖြင့် ပြည်သူ့ အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီး ဌာနများမှ ဆောင်ရွက်နေသော လုပ်ငန်းများ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။	https://bit.ly/3H-4qQmH